
ချစ်ဦးညို
အချစ်ဖြင့် လောင်ကျွမ်း
တောက်ပသူများ

## ဝတ္ထုထဲမှ ဇာတ်ကောင်များ နှင့် တွေ့ဆုံခြင်း

မေတ္တာကို ချစ်ခြင်းဟု အနက်ပြသကဲ့သို့ ပေမ ဟူသောပါဠိကိုလည်း ချစ်ခြင်းဟု ပင် အနက်ပေးကြသည် ။ ပေမ အရ ချစ်ခြင်းကို သုံးမျိုးပိုင်းခြားသည် ။

(၁) တဏှာပေမ၊ (၂) ဂေဟသိတပေမ၊ (၃) မေတ္တာပေမ။

တဏှာပေမသည် ယောကျ်ားနှင့်မိန်းမ အချင်းချင်း တဏှာလောဘ ၏ အစွမ်းဖြင့် ချစ်ခြင်းဖြစ်သည် ။ အလင်္ကာကျမ်းက ဒါကို သိင်္ဂါရဟု ခေါ်သည် ။ ဂေဟသိတပေမသည် မိဘနှင့် သားသမီး၊ ညီအစ်ကို၊ မောင်နှင့်နှမစသည် တို့ အကြား အချင်းချင်း ချစ်ခင်တွယ်မှုဖြစ်သည် ။ အလင်္ကာကျမ်းအရ မေတ္တာပေမကား အခြားတစ်ပါးသူ၏ အကျိုးစီးပွားဖြစ်ထွန်းမှုကို လိုလားခြင်း၊ မခွဲမခွာ အမြဲအတူနေလိုခြင်း သဘောမရှိဘဲ ဝေးကွာ၍ နေရစေကာမူ ထိုဝေးကွာနေသူမှာ စီးပွားချမ်းသာဖြစ်သည် ဟု သိရလျှင် ကျေနပ်သည် ။ အတူမနေရခြင်းအတွက် ခက်ခဲဝန်လေးခြင်း မရှိ။ စင်ကြယ်မွန်မြတ်သောသဘောဖြစ်၍ ဗြဟ္မဝိဟာရ အမည်ကိုရသည် ။

လူ၌ အချစ်ဖြစ်တည် ထွန်းပေါ်သည် ။

ထိုအချစ်သည် လည်း ကျယ်ဝန်းနက်ရှိုင်းစွာ ထွေပြားသည် ။

ဆင်ခြင်တုံတရား အနုအရင့်ကို လိုက်၍ နှလုံးသား အနိမ့်အမြင့်ကို

လိုက်၍ ပတ်ဝန်းကျင် လူမှုအဖွဲ့အစည်းကို လိုက်၍ ဖြတ်သန်းကျင်လည်ခဲ့သော အချိန်ကာလကို လိုက်၍ အချစ်သည် ဖျိုးဖျိုးဖျပ်ဖျပ် ကွန့်မြူးသည် ။ တဏှာပေမနှင့်လည်း လုံးထွေးပတ်ရစ်ရှိမည်။ ဂေဟသိတပေမနှင့်လည်း ငြိတွယ်နေတဲ ရှိမည်၊ မေတ္တာပေမနှင့်လည်း ခြံရံဝန်းဖွဲ့ရှိမည်။

ဘဝတဏှာမီးလျှံတို့ ဖြင့် လူသည် တေဇောအားအင်ကို ယူသည် ။ အပူသည် အတိုင်းအတာတစ်ရပ်တွင် လွန်စွာလိုလားဖွယ်သော အင်အား။ အပူမှ ဖြစ်သော အင်အားသည် ဘဝကို တိုးတက်ပျံသန်းစေသည် ။ အင်အားအဖြစ် ဖွဲ့တည်ပြီးနောက် အပူမီးကြီး လျှံလွန်းလာသောအခါ ထိုအင်အားသည် ပင် လောင်ကျွမ်းပျက်စီးစေမည့်အရာ ဖြစ်လာသည် ။ လှပသော မီးတောက်များ ထို့နောက် ကြောက်မက်ဖွယ် မီးတောက်များ …။

အို…ကြည့်လိုက်စမ်းပါ။ မြင့်မားသီခေါင် အဇ္ဈောဆီမှာ တစ်စုံတစ်ခုသည် ပျံသန်းလာနေပြီ။ တဖြည်းဖြည်း ဝဲစိုက်နိမ့်ဆင်းလာ၊ ပြီးတော့ အလျှံ တညီးညီး မီးပုံကြီးထဲကို သူခုန်ဆင်းလိုက်ပါပကော။

မီးလျှံတွေကို သူချိုးသုံးသည် ။ မီးကျီးတွေကို သူဝါးမျိုသည် ။ မီးညွန့်တွေကို သူစားသောက်သည် ။ မီးတောက်တွေကို သူပွေ့ဖက်သည် ။ မီးပုံကြီးကလည်း သူ့ကို လူးလိမ့်သိမ်းပိုက်သည် ။ အလုံးစုံသော ပြုဖွယ်ကိစ္စအပြီးတွင် သူမီးပုံကြီးထဲမှ တစ်ဟု န်ထိုးမြင့်မားစွာ တက်ပျံသည် ။ ထို့နောက် မီးပုံကြီးအထက်တွင် လှပကျော့ရှင်းစွာ ခမ်းနားသိုက်မြိုက်စွာ သူလှည့်ပတ်ဝေ့ဝိုက်သည် ။ ပြိုးပြက်ထွန်းလက် ရောင်စဉ်တန်းတွေ သူ့ထံမှ ဖျတ်ဖျတ်တောက်ပ ဝင်းဖြာသွားသည် ။

သည် လိုနှင့်ပဲ ဖီးနစ် (Phoenix) ငှက်မြတ်သည် နောက်ထပ်နှစ်ပေါင်း အထောင်အသောင်း ရှင်သန်လိမ့်ဦးမည်။ နှစ်ပေါင်း အထောင်အ

သောင်း၏ တစ်ခုသော ရက်တစ်ရက်တွင် သူ ဤသို့ပင် ပျံသန်းလာဦးမည်။ ပြီးတော့ မီးလျှံတွေကို ချိုးသုံး၊ မီးကျီးတွေကို ဝါးမျို၊ မီးညွန့်တွေကို ...။

မရဏမဲ့ (Immortal) အဖြစ်ကို ဖီးနစ်ငှက် ရရှိသည် ။

ရှေးဟောင်း ဣသရေလတို့ သည် ဖီးနစ်ငှက်မြတ်ဖြင့် လူတို့ ၏ ဘဝတဏှာကို ဒဏ္ဍာရီဇာတ် ထင်ဟပ်ပြသခဲ့ကြသည် လား။ မီးဖြင့် အသက်ရှင်သော ဖီးနစ်သည် လူ့နှလုံးသား၊ လူ့အချစ်၏ စိတ်ကူးရုပ်ပုံပဲလား။ အနာဒိ အနန္တ သဘောကို အနုပညာဖြင့် ကုပ်တွယ်ဖမ်းဆုပ်ရန် ကြိုးစားခြင်းလား။ ပျက်စီးခြင်း၊ သေဆုံးခြင်း၊ ကွယ်ပျောက်ခြင်းတရားကို အန်တုတိုက်ခိုက်ခြင်းလား။

လောင်ကျွမ်းပျက်စီးသော 'မီး' ကိုမှ ဘဝရှင်သန်ရေးဓာတ်၊ 'အမတအာဟာရ' အဖြစ် အသုံးချလိုက်သည့် လှပသိမ်မွေ့သော ဒဏ္ဍာရီ။

ထွေပြားနက်ရှိုင်းသော 'အချစ်' ကို ဝတ္ထုရေးဆရာများ သည် လူတို့ ၏ ဇာတ်ကောင်များ သို့ သွင်းထည့်စီမံပေးလိုက်သည် ။ အချစ်ဖြင့် လူးလွန့်လာကြသော ဇာတ်ကောင်များ သည် စာရေးဆရာ၏ ကလောင်များမှ တစ်ဆင့် စာမျက်နှာများ ပေါ်သို့ ခုန်ဆင်းထွက်ကျ လာပြီးနောက် စာမျက်နှာများ ပေါ်မှ ထပ်မံခုန်ကျော် ဝဲပျံလာကြသည် ။

ဖီးနစ်ငှက်မြတ်၏ အမွေးအတောင်တစ်စကို သူတို့ ရရှိသွားကြပြီလားမသိ။ ဝတ္ထုဇာတ်ကြောင်းအရ သူတို့ သေဆုံးကောင်း သေဆုံးသွားကြမည်။ သို့သော် သူတို့ ၏ ဝိညာဉ်များက ရှင်ဆဲ၊ သန်ဆဲ။ အချစ်ကြောင်းကိုပြောပြရင်း အချိန်ကာလ နှစ်ပရိစ္ဆေဒများကို ဖြတ်ကျော်ဆဲ။ ကမ္ဘာလောကတွင် သူတို့ ၏ ရုပ်ပုံများ တည်ရှိဆဲ။ သူတို့ ၏ အသံများ ညိုးညံ့ဆဲ။ ကိုယ်ထင်ပြဆဲ။ မစဲရှိချေသည် ။

အတတ်နိုင်ဆုံး နားပါးကြမည်။ မျက်စိလျှင်ကြမည်။ မနောဒွါရကိုဖွင့်ကြမည်။ ဟဒယပြတင်းကို ဟင်းလင်း 'လှစ်' ထားကြမည်။

နားထောင်စမ်း၊ ကြည့်စမ်း...အသံတွေ ကြားလာရပြီ။ ရုပ်ပုံတွေမြင်လာရပြီ။ အချိန်ကာလဆိုသော အဟန့်အတားကြီး ပြိုပျက်သွားပြီ။ ကာလ သုံးပါး၏ သမုတိသဘော ကျိုးပေါက်သွားပြီ။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် တို့ သည် ပရမတ္တအမြင်တွင် တစ်သားတည်း ဖြစ်သွားပြီ။

အချစ်ဖြင့် လောင်ကျွမ်းတောက်ပကြသူတွေကို မြင်ရပြီ။

**ချစ်ဦးညို**